ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဆိုသည့် ယုံကြည်လောက်သော သက်သေအထောက်အထားများကို THE MUSEUM အဖွဲ့မှတွေ့ရှိထား၊ ဆက်လက်ခြိမ်းခြောက်မှုများ ရှိနေဟုလည်း သတိပေး။

၃ ရက်၊ ဒီဇင်ဘာ ၂၀၁၈

ဝါရှင်တန် ဒီစီ - အမေရိကန်ပြည်ထောင်စု လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုင်ရာ အောက်မေ့ဖွယ်အထိမ်းအမှတ်ပြတိုက်မှ မြန်မာနိုင်ငံအတွင်း လူနည်းစုမူဆလင်ဖြစ်သည့် ရိုဟင်ဂျာများအပေါ် လူမျိုးစုသန့်စင်ရှင်းလင်းမှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် လူမျိုးတုန်း သတ်ဖြတ်မှုများကို မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည်ဆိုသည့် ယုံကြည်လောက်သောအထောက်အထားများ တွေ့ရှိထားသည်ဟု ယနေ့ပြောဆိုလိုက်သည်။ The Museum အဖွဲ့မှ ရက်စက်စွာကျူးလွန်မှုဆိုင်ရာ ကျွမ်းကျင်သူများအကြံပေးအဖွဲ့နှင့် စေ့စပ်သေချာစွာဆွေးနွေးတိုင်ပင်ခြင်း၊ ၄င်းတို့ကိုယ်တိုင် ကွင်းဆင်းလေ့လာခြင်းဖြင့်ရရှိသော မူရင်းသုတေသနတွေ့ရှိချက်များကို Fortify Rights အဖွဲ့နှင့် ၂၀၁၇ခုနှစ်အတွင်း ပူးတွဲအစီရင်ခံစာထုတ်ပြန်ခဲ့ခြင်းနှင့် မကြာသေးမီကထုတ်ပြန်သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ မှတ်တမ်းအစီရင်ခံစာနှင့် အချက်အလက်ရှာဖွေရေးကော်မရှင်တို့၏ သတင်းအချက်အလက်များအပေါ်အခြေခံပြီး ဤကဲ့သို့ ကောက်ချက်ချခြင်း ဖြစ်ပါသည်။

"အထူးသဖြင့် ၂၀၁၇ခုနှစ် သြဂုတ်လက မြန်မာ့တပ်မတော်၏ ရိုဟင်ဂျာများအပါ် ဆန့်ကျင်တိုက်ခိုက်မှုကမ်ပိန်းများသည် ကြိုတင်ကြံစည်ထားပြီး၊ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့တာဖြစ်တယ်" လို့ The Museum အဖွဲ့၏ အုပ်ချုပ်ရေးကောင်စီဝင် တစ်ဦးလည်းဖြစ်ပြီး The Museum ၏ လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးလုပ်ငန်းကို အကြံပေးရသော လူ့အသိတရားဆိုင်ရာကော်မတီ (Committee on Conscience)၏ ဥက္ကဋ္ဌဖြစ်သူ Lee Feinstein ကပြောပါသည်။ "မြန်မာနိုင်ငံအတွင်းကျန်ရစ်နေသေးသော ရိုဟင်ဂျာများအတွက်သာမက ပြည်တွင်းပြန်ပို့ဖို့ ခြိမ်းခြောက်ခံနေရသော ရိုဟင်ဂျာများအတွက်ပါ ဤထုတ်ပြန်မှုက တစုံတရာအရေးယူ လုပ်ဆောင်မှုများပြုလုပ်လာဖို့ လှုံ့ဆော်မှုဖြစ်စေလိမ့်မည်ဟု မျှော်လင့် ပါတယ်" လို့လည်း သူက ဆိုပါတယ်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း မြန်မာအစိုးရသည် ရိုဟင်ဂျာများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ နိုင်ငံသားဖြစ်ခွင့်အားပယ်ဖျက်ခြင်းနှင့် အကြမ်းဖက်မှုကြီးများအတွင်း မြေဏာပင်အဖြစ်သို့ရောက်ရှိစေသည်။ ၂၀၁၅ခုနှစ် မတ်လအတွင်း The Museum အဖွဲ့၏ အစီရင်ခံစာတွင် ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး ကနဦးအခြေအနေလေ့လာချက်အရ ခိုင်မာသောအထောက်အထားတွေ တွေ့ရှိရကြောင်း ကြိုတင်သတိပေးခဲ့သည်။ ထို့အတူ အခြားသော အဖွဲ့အစည်းများကလည်း သတိပေးထုတ်ပြန်မှုများပြုခဲ့ပေမယ့် အလေးမထားပဲ မြန်မာအစိုးရက တစုံတရာအမှားအယွင်း ကျူးလွန်ခဲ့ခြင်းမရှိကြောင်းကိုသာ အစဉ်တစိုက် ငြင်းဆိုခဲ့သည်။

၂၀၁၇ ခုနှစ် သြဂုတ်လအတွင်း မြန်မာ့တပ်မတော်နဲ့ အခြားသူများက ရိုဟင်ဂျာများကို တိုက်ခိုက်ခဲ့ရာတွင် လူအစုလိုက်အပြုံ လိုက်သတ်ဖြတ်မှု၊ မုဒိမ်းကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မီးရှို့ဖျက်စီးမှု၊ ဥပဒေမဲ့ဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုများအပြင်၊ လူပေါင်း ၇ သိန်း ကျော်တို့အား အတင်းအကျပ်ပြောင်းရွှေ့စေခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် The Museum နဲ့ Fortify Rights တို့ထုတ်ပြန်တဲ့ 'ကျွန်ုပ်တို့အားလုံးကို သူတို့ သတ်ဖို့လုပ်ခဲ့ကြတယ်' အစီရင်ခံစာတွင် ဒီလိုရက်စက်စွာကျူးလွန်မှုများကို မှတ်တမ်းပြုစုထားပါ သည်။

"ကျမတို့၏ ဆန်းစစ်ချက်တွင် မြန်မာအာဏာပိုင်တွေက ရိုဟင်ဂျာများကို ဖျက်ဆီးချေမှုန်းရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေခြင်းသည် သူတို့၏ ဖြစ်တည်နေသောလူမျိုးနဲ့ ဘာသာရေး ဝိသေသလက္ခဏာတွေကြောင့်ဖြစ်ကြောင်း ယုံကြည်ထိုက်တဲ့ သက်သေအထောက်အထားတွေပါပဲလို့ ကောက်ချက်ချပါတယ်"ဟု ပြတိုက်၏ လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေး Simon-Skjodt စင်တာ၏ ဒုတိယညွှန်ကြားရေးမှူး Naomi Kikoler ကပြောပါသည်။ "ကျမတို့နဲ့ အလုပ်လုပ်တဲ့ ရိုဟင်ဂျာဒုက္ခသည်တွေဟာ အစွန့်ပစ်ခံတွေလို့ ခံစားနေရပါတယ်၊ Holocaust ဖြစ်စဉ်က သားကောင်တွေ ကြုံတွေ့ခံစားရသလိုပါပဲ။ ကမ္ဘာကြီးက ကျနော်၊ ကျမ တို့ခံစားနေရတဲ့ မတရားညှဉ်းပန်းနှိပ်စက်မှုများကို မျက်ကွယ်ပြုထားကြပါတယ်" ဟုလည်း ဆိုပါ သည်။

The Museum ၏ အစီရင်ခံစာတွင် အခြားသောဘာသာနဲ့ လူမျိုးစုများဖြစ်သည့် ကချင်နဲ့ ရှမ်းအပါအဝင် အခြားသောလူမျိုးစုတွေကလည်း အလားတူ မြန်မာ့တပ်မတော်၏ အစုလိုက်အပြုံလိုက်ရက်စက်ကြမ်းကြုပ်စွာကျူးလွန်မှု အန္တရာယ်ကိုခံရဖွယ်ရှိနေကြောင်းကိုလည်း မီးမောင်းထိုးပြထားသည်။

ဒီလိုအတိုင်းအတာပမာဏရှိတဲ့ ရာဇဝတ်မှုတွေကို တုန့်ပြန်ဖို့နှင့် နှောင်ထပ်ဖြစ်လာမည့် ရက်စက်ကျူးလွန်မှုများကို ကာကွယ်တားဆီးနိုင်ရန်၊ ပြည်တွင်းတွင် ကျန်ရှိနေသောရိုဟင်ဂျာများကဲ့သို့သော အကာအကွယ်မဲ့နေသူများအားလုံးကို အကာအကွယ်ပေးနိုင်ရန်၊ နိုင်ငံတကာစုံစမ်းစစ်ဆေး ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းစဉ်များကို ကူညီပံ့ပိုးနိုင်ရန်၊ ရာဇဝတ်မှု ကျူးလွန်သူများအား မိမိ၏ကျူးလွန်မှုအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန် ယုံကြည်စိတ်ချရပြီး လွပ်လပ်သော တရားရုံးတွေမှာ တရားစွဲဆိုနိုင်ရန်၊ ရိုဟင်ဂျာလူမျိုးစုတွေအပေါ် ခဲ့ခြားဆက်ဆံမှုတွေကို အဆုံးသတ်စေပြီး နိုင်ငံသားဖြစ်ခွင့်ပြန်လည်ပေးအပ်နိုင်ဖို့ သိသာထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုတွေကို စေတနာအမှန်ဖြင့် ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် မြန်မာအစိုးရကို အခြားသောတိုင်းပြည်တွေက ဖိအားပေးဖို့လိုပါတယ်' လို့လည်း Kikoler ဆိုသည်။

ရှင်သန်နေဆဲ Holocaust အောက်မေ့ဖွယ်အထိမ်းအမှတ်ဖြစ်သော အမေရိကန်ပြည်ထောင်စု၏ Holocaust အောက်မေ့ဖွယ်ပြတိုက်က ကမ္ဘာတဝှမ်းရှိ ခေါင်းဆောင်များ၊ နိုင်ငံသားများအား မုန်းတီးမှုများကို ဆန့်ကျင်ဖို့၊ လူမျိုးတုန်း သတ်ဖြတ်မှုတွေကို ကာကွယ်တားဆီးဖို့၊ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ တို့အတွက် လှုံ့ဆော်ပေးနေပါသည်။

ပြတိုက်၏ လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်တားဆီးရေး Simon-Skjodt စင်တာမှ နိုင်ငံအတွင်းနှင့် ကမ္ဘာတဝှမ်းလူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်တားဆီးရေးနဲ့ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုများကို တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အဓိကအလေးထားလုပ်ဆောင်နေတာ ဖြစ်ပါသည်။ ပြတိုက်၏ ထိရောက်သောပညာပေးရေးအစီအစဉ်များနဲ့ ကမ္ဘာတဝှမ်း သက်ရောက်မှုများသည် ရက်ရောသော စေတနာရှင်များ၏ လျှာဒါန်းဖြင့် လုပ်ဆောင်နိုင်ဖြင်း ဖြစ်ပါသည်။ အသေးစိတ်ကိုတော့ ushmm.org မှာ သွားရောက်ကြည့်ရှုနိုင်ပါသည်။